**ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး**

**စတုတ္ထနေ့ အစီအစဉ်**

**[ ၂၁ - ၁ - ၂၀၁၃ ]**

**( တနင်္လာနေ့ )**

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဂန့်ဂေါမြို့နယ် အတွင်းရှိ ကျေးရွာပေါင်း (၃၆)ရွာအနီးမှ ဖြတ်သန်းစီးဆင်းနေသော မြစ်သာ မြစ်ကြောင်း ထိန်းသိမ်းရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည့် Tame River Project အစီအစဉ်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **သာစည် မြို့နယ်အတွင်းရှိ ညောင်တို - သမန်းကန် - ပေါက်တောလမ်းအား ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **အနေ့းယာဉ်(ဆိုက်ကား)လိုင်စင်များ ထပ်မံချထားပေးခြင်း မရှိသဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် အနေ့းယာဉ်လုပ်သားများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဘဝအဆင့်အတန်းအတွက် စီမံဆောင်ရွက်ပေးမည့်** အစီအစဉ်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် နှစ်စဉ်ခွေးရူးရောဂါ ဖြစ်ပွားမှုနှုန်းနှင့် ခွေးရူးကိုက်ခံရပါက ကာကွယ်သည့် ထိုးဆေးများ မြန်မာနိုင်ငံ ဆေးဝါးစက်ရုံမှ ထုတ်လုပ်သော ဆေးများ လုံလောက်မှု ရှိ/မရှိ သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ဝေးလံသီခေါင်ပြီး သွားလာရေး ခက်ခဲသည့်ဒေသမှ ဆရာဝန်ဘွဲ့ရရှိပြီး ဆမရထားသူ ဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်မှု ခေါ်ယူစစ်ဆေးသည့် စာမေးပွဲတွင် အကြိမ်ကြိမ်ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်းမရှိ၍ ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခက်ကြုံနေရသည်ကို ဖြေရှင်းပေးမည့် အစီအစဉ်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှု ရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ခ ) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ဂ ) ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

(ဃ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

( င ) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

( စ ) ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(ဆ) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

( ဇ ) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ပဥ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။